# တောင်သြစတြေးလျပြည်နယ်ရှိ တန်းတူ အခွင့်အလမ်းရရှိရေး ဥပဒေများသို့ လျှပ်တပြက် လမ်းညွှန်

WE'RE EQUAL

ကျွန်ုပ်တို့ တန်းတူ အခွင့်အလမ်းရှိသည်

*တောင်သြစတြေးလျပြည်နယ်၏ တန်းတူ အခွင့်အလမ်းရရှိရေး ဥပဒေများသည် သင့်အပေါ် ခွဲခြားဆက်ဆံခြင်း၊ လိင်ပိုင်းအနှောင့်အယှက်ပြုခြင်းနှင့် ပစ်မှတ်ထား၍မတရားဖိနှိပ်ခြင်းတို့မှ ကာကွယ်ပေးထားသည်။*

*ဤလမ်းညွှန်သည် သင့်အခွင့်အရေးများကိုနားလည်ရန်နှင့် ၎င်းအခွင့်အရေးများအား မည်သို့ကျင့်သုံးမည်ကို သင့်အား အထောက်အကူပြုပါမည်။*

## ခွဲခြားဆက်ဆံခြင်းဆိုသည်မှာ ဘာလဲ။

ခွဲခြားဆက်ဆံခြင်းဆိုသည်မှာ တစ်ယောက်ယောက်အပေါ် ၎င်းတို့၏ အောက်ပါအကြောင်းကြောင့် မမျှမတ ဆက်ဆံခြင်းဖြစ်သည်-

- အသက်အရွယ်
- မသန်စွမ်းမှု
- အိမ်တွင်း သို့မဟုတ် မိသားစု ညှဉ်းပန်းမှု ကြုံတွေ့ခြင်း
- ကိုယ်ဝန်ဆောင်ခြင်း၊ စောင့်ရှောက်ပေးရသည့် တာဝန်နှင့် မိသားစုတာဝန်များ
- လူမျိုး
- ဘာသာရေးဆိုင်ရာ ပုံပန်းသဏ္ဍာန် ပေါ်လွင်မှု သို့မဟုတ် ဝတ်စားဆင်ယင်မှု
- အိမ်ထောင်ရေး အဆင့်အတန်း သို့မဟုတ် ကြင်ဖော်ဖက် ပုံစံ
- လိင်၊ လိင်တိမ်းမြွတ်ခြင်းအနေအထား နှင့် ကျား မ အမျိုးအစား
- လိင်တိမ်းညွတ်မှု

ခွဲခြားဆက်ဆံခြင်းမှာ ဝန်ဆောင်မှုကို ငြင်းဆိုခြင်းကဲ့သို့ တိုက်ရိုက်ဖြစ်နိုင်သည်၊ သို့မဟုတ် လူတစ်ဦးမှာ အခြားသူများကဲ့သို့ သတ်မှတ်ချက် အတူတူတို့ကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့်အခါကဲ့သို့ သွယ်ဝိုက်၍ဖြစ်နိုင်သည်။

## လိင်ပိုင်း အနှောင့်အယှက်ပြုခြင်းဆိုသည်မှာ ဘာလဲ။

လိင်ပိုင်း အနှောင့်အယှက်ပြုခြင်းဆိုသည်မှာ အခြားသူတစ်ဦးအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်လိမ့်မည်၊ ကြောက်ရွံ့လိမ့်မည် သို့မဟုတ် အရှက်ရလိမ့်မည်ဟု သင့်တင့်လျောက်ပတ်စွာ မျှော်လင့်ရသည့် လိင်သဘောသဘာဝ ဖြစ်သော လက်မခံနိုင်သည့် ပြုလုပ်မှု တစ်စုံတစ်ရာကို ဆိုလိုသည်။

လိင်ပိုင်း အနှောင့်အယှက်ပြုခြင်းကို အနှောင့်အယှက်ပြုခံရသူ၏ ခံစားချက် ရှုထောင့်မှနေ၍ ပိုင်းခြားဆုံးဖြတ်ရပါသည်။ လူတစ်ဦးမှာ လိင်တူ သို့မဟုတ် လိင်ကွဲဖြစ်သည့် တစ်ဦးတစ်ယောက်၏ လိင်ပိုင်း အနှောင့်အယှက်ပြုခြင်းကို ပြုခံရနိုင်သည်။

## ပစ်မှတ်ထား၍မတရားနှိပ်စက်ခြင်း ဆိုသည်မှာ ဘာလဲ။

ပစ်မှတ်ထား၍မတရားနှိပ်စက်ခြင်းဆိုသည်မှာ တစ်ယောက်ယောက်အပေါ် ၎င်းတို့က တန်းတူ အခွင့်အလမ်းရရှိရေး တောင်သြစတြေးလျ (Equal Opportunity SA) အဖွဲ့အစည်းသို့ တိုင်တန်းခြင်းကဲ့သို့ တန်းတူ အခွင့်အလမ်းရရှိရေး ဥပဒေများကို သုံးစွဲခြင်းကြောင့် မမျှမတ ဆက်ဆံခြင်းဖြစ်သည်။

## ခွဲခြားဆက်ဆံခြင်း၊ လိင်ပိုင်း အနှောင့်အယှက်ပြုခြင်း နှင့် ပစ်မှတ်ထား၍မတရားနှိပ်စက်ခြင်း တို့သည် မည်သည့်နေရာ၌ ဖြစ်ပွားနိုင်သနည်း။

တန်းတူ အခွင့်အလမ်းရရှိရေး အက်ဥပဒေ ၁၉၈၄ (The Equal Opportunity Act 1984 (SA)) သည် အောက်ပါ အများနှင့်သက်ဆိုင်သည့် လောကနယ်ပယ်များ၌ ကာကွယ်ပေးထားသည်။

- သင် အလုပ်ခွင်၌ ရှိနေစဉ် သို့မဟုတ် အလုပ်လျှောက်သည့်အခါ
- ကုန်စည်များနှင့် ဝန်ဆောင်မှုများ တောင်းခံရာ၌
- နေထိုင်ရန် နေရာတစ်ခုကို ရှာဖွေသည့်အခါ
- ပညာရေးနှင့်သက်ဆိုင်သည့် ပရဝုဏ်များ၌
- လူမှု အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများ၌

## သင့် အခွင့်အရေးများမှာ ဘာလဲ။

အကယ်၍ သင် ခွဲခြားဆက်ဆံခြင်း၊ လိင်ပိုင်း အနှောင့်အယှက်ပြုခြင်း သို့မဟုတ် ပစ်မှတ်ထား၍မတရားနှိပ်စက်ခြင်း တို့ကိုကြုံတွေ့ပါက တန်းတူ အခွင့်အလမ်းရရှိရေး တောင်သြစတြေးလျ (Equal Opportunity SA) အဖွဲ့အစည်းသို့ တိုင်တန်းနိုင်သည်။

သင့်အခွင့်အရေးများအကြောင်းနှင့် တိုင်တန်းပုံအကြောင်း သိရှိရန်အတွက် တန်းတူ အခွင့်အလမ်းရရှိရေး တောင်သြစတြေးလျ (Equal Opportunity SA) အဖွဲ့အစည်း၏ ဝက်ဘ်ဆိုက်တွင်ကြည့်ပါ သို့မဟုတ် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

အားလုံးသော စုံစမ်းမှုများနှင့် တိုင်တန်းချက်များကို လျှို့ဝှက်ထားပေးသည်။ သင်၏ ကိုယ်ရေးအသေးစိတ်ကို သင်က ဝေမျှပေးပါဟု မပြောသမျှ ကျွန်ုပ်တို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝေမျှပေးကမ်းခြင်း လုပ်မည် မဟုတ်ပါ။


**Contact Equal Opportunity SA**

ဖုန်း- (08) 7322 7070
နယ်စွန်မှ ဖုန်းခေါ်သူများ- 1800 188 163

*အင်္ဂလိပ်စကားမှာ သင့် ဘာသာစကား မဟုတ်လျှင် Interpreting and Translating Centre* ***ဖုန်း 1800 280 203*** *ကိုဖုန်းခေါ်ပြီး Equal Opportunity SA ကို စကားပြောရန် ဆက်သွယ်ခိုင်းပါ။*

အီးမေးလ်- Equal@sa.gov.au
ဝက်ဘ်ဆိုက်- www.equalopportunity.sa.gov.au


ကျွန်ုပ်တို့ကို လူမှုမီဒီယာတွင် ဖော်လို (Follow) လုပ်ပါ